# ကျွဲရေကုန်းကျေးရွာ

# ကျွဲရေကုန်းကျေးရွာအုပ်စု

# ပုသိမ်ကြီးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျွဲရေကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဧပြီလ

# မာတိကာ


မာတိကာ
အတိုကောက်စကားလုံးများ ၁
စကားချီး ၂
ကျွဲရေကုန်းကျေးရွာသယံဇာတပြဇြေပုံ၊ ပုသိမ်ကြီးမြို့နယ် ၄
**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်**
နိဒါန်း ၅
ပထဝီဝင်အနေအထား ၆
ရည်ရွယ်ချက် ၆
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ အသုံးဝင်မှု ၇
(က)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ)ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း
(ဂ)ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်မည့် အချိန်ကာလ
၂-၁ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၁၁
၂-၂ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
၂-၃ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း
၂-၄ကန်ထရိုက်နှင့် ပန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
၂-၅ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း
ဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ ၁၂
၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း
၂။ကြီးကြပ်စစ်ဆေးခြင်း( Monitoring)
(က)လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု
(ခ)ငွေကြေးဆိုင်ရာတိုးတက်မှု
၃။နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ ၁၄
**နောက်ဆက်တွဲ(၂)**
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား-၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ ၁၅
ဇယား-၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား ၁၆
ဇယား-၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့်အများဆုံး ၁၈
လုပ်အားခနှုန်းများ
ဇယား-၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၂၀
ဇယား-၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ၂၀
ဇယား-၆ ဥစ္စာဓနအခြေအနေ ၂၁
ဇယား-၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု ၂၂
ဇယား-၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏
ထိခိုက်လွယ်မှုအခြေအနေ ၂၃
ဇယား-၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၂၃
ဇယား-၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ ၂၄

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ


ဇယား-၁၁ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၂၆
ဇယား-၁၂ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ ၂၇
ဇယား-၁၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၂၉
ဇယား-၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ ၂၉
ဇယား-၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း ၃၀
ဇယား-၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု ၃၁
ဇယား-၁၇ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ ၃၂
ဇယား-၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ ၃၃
ဇယား-၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ ၃၄
ဇယား-၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၃၅
ဇယား-၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ ၃၆
ဇယား-၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ၃၇
ဇယား-၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ ၃၈
ဇယား-၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ ၃၉
ဇယား-၂၅ ရွှေပြောင်းသွားလာခြင်း၏ အဓိကအကြောင်းအရင်း ၄၀
ဇယား-၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ ၄၀
ဇယား-၂၇ ဇယားကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ ၄၁
ဇယား-၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၄၁
ဇယား-၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ ၄၃
ဇယား-၃၀ မူလတန်း၊ အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း ၄၃
ဇယား-၃၁ ကျောင်းတက်နှုန်း ၄၄
ဇယား-၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ ၄၅
ဇယား-၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ ၄၆
ဇယား-၃၄ အဖြစ်များသောရောဂါများ ၄၇
ဇယား-၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၄၇
ဇယား-၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ ၄၈
ဇယား-၃၇ သောက်သုံးရေ ရရှိနိုင်မှု ၄၉
ဇယား-၃၈ အိမ်သာအမျိုးအစား ၅၁
ဇယား-၃၉ ကျား-မ ရေးရာ ၅၁
ဇယား-၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ ၅၂
ဇယား-၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ ၅၂
ဇယား-၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး ၅၃
ဇယား-၄၃ သယ်ယူပို့ဆောင်ရေးယဉ်များ ၅၄
ဇယား-၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ ၅၄

ဇယား-၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ ၅၅
ဇယား-၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၅၅
ဇယား-၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၅၆
ဇယား-၄၈ မှုခင်းဖြစ်ပွား အခြေအနေ ၅၆

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅) နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ် နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ် တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်းကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အ တွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက် လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီးအဆို ပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ပုသိမ်ကြီးမြို့နယ် ကျွဲရေကုန်းကျေးရွာသယ်ဇာတပြမြေပုံ



## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

၁.၁ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုသည်မှာ -

ကျေးရွာဆိုသည်မှာယဉ်ကျေးမှု၊ ဓလေ့ထုံစံတူသူများ၊ နီစပ်သူများ၊ဆွေမျိုး မကင်းသူများအသက်မွေးဝမ်းကျောင်းလုပ်ငန်းဆင်တူသူများ၊နီးစပ်မှုရှိသူများစုပေါင်း နေထိုင်ရာနေရာကိုခေါ်သည်။ကျေးရွာနှင့်မြို့ကွာခြားချက်မှုမှာအစိုးရဘဏ်များမရှိသော ကြောင့်ကျေးရွာဟုသတ်မှတ်ကြသည်။ပုသိမ်ကြီးမြို့နယ်တွင် အစိုးရအမည်ပေါက်ကျေးရွာပေါင်း (၁၄၀) ရွာရှိပြီးတစ်နိုင်ငံလုံးတွင်ရှိသောကျေးလက်မြို့နယ်ပေါင်း(၃၀၅)မြို့နယ်အတွင်း အစိုးရအသိမှတ်ပြုကျေးရွာပေါင်း(၆၄၈၉၉)ရှိပါသည်။

ဖွံ့ဖြိုးရေးဆိုသည်မှာလက်ရှိအခြေအနေမှပိုမိုကောင်းမွန်သောအခြေနေသို့ အစီစဉ်တကျပြောင်းလဲသွားခြင်းကိုဆိုလိုသည်။ဖွံ့ဖြိုးရေးတွင်လည်းရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးဟူ၍နှစ်ပိုင်းရှိသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးဆိုသည်မှာ အဆောက်အဦးများတိုးတက်ကောင်းမွန်လာခြင်း၊ လျှပ်စစ်မီးရရှိလာခြင်း၊ယာဉ်/ကား၊ စက်ကိရိယာစသည့်တို့ပိုမိုခေတ်မီကောင်းမွန်လာခြင်း၊ဖုန်းနှင့် ဆက်သွယ်ရေးများပိုမိုကောင်းမွန်လာခြင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်းများပိုမိုကောင်းမွန်လာခြင်း၊ ခေတ်မီလာခြင်းစသည့်တို့ကိုဆိုလိုသည်။စိတ်ပိုင်းဆိုင်ရာဆိုသည်မှာအသိပညာ၊အတတ်ပညာ များတိုးတက်လာခြင်းကိုဆိုလိုသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့်စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုတွင်စိတ်ပိုင်း ဆိုင်ရာဖွံ့ဖြိုးမှုသည်အရေးကြီးသည်။

ရေရှည်ဖွံ့ဖြိုးရေးဆိုသည်မှာနောက်မျိုးဆက်တွေကိုမထိခိုက်စေဘဲဖွံ့ဖြိုးခြင်းနှင့် သဘာဝအရင်းအမြစ်များကိုအလွန်အကျွံ ထုတ်ယူအသုံးမပြုဘဲဖွံ့ဖြိုးမှသာရေရှည်ဖွံ့ဖြိုးရေး ဖြစ်သည်။

တည်ငြိမ်သောဖွံ့ဖြိုးရေးဆိုသည်မှာ မမျှော်လင့်သောဘေး အန္တရာယ်ကြုံကြံခံနိုင်ရည်ရှိပြီးပြန်လည်ရုန်းထနိုင်သောအရည်အချင်း၊ စီးပွါးရေးဆိုင်ရာအရင်းအနှီး၊ နည်းပညာ၊ ဗဟုသုတ၊လူမှုရေးအရင်းမနှီး၊အဆောင်အဦးနှင့်ရုပ်ပိုင်းဆိုင်ရာအရင်းအနှီး၊ လူစွမ်းအားအရင်းအမြစ်၊ သဘာဝအရင်းအမြစ် ရှိနေခြင်းကို ဆိုလိုသည်။

**ပထဝီဝင်အနေအထား**

**တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျွန်တော်တို့ ကျွဲရေကုန်းကျေးရွာသည် ပုသိမ်ကြီးမြို့၏ အနောက်မြောက်ဘက် ၅ မိုင်ခန့် အကွာအဝေး၊ နွယ်နီကျေးရွာ၏ တောင်ဘက် ၄ဖာလုံခန့်အကွာဝေး၊ ကျွဲရေကုန်းကျေးရွာ အုပ်စု၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၁ မိနစ် ၊ မြောက်လတ်တီတွဒ် ၂၀ဒီဂရီ ၅၀မိနစ်တွင် တည်ရှိပြီး ကျွဲရေကုန်းကျေး ရွာတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတု သုံးမျိုးရှိပါသည်။ တစ်နှစ်ပါတ်လုံး ၆၁ ရက်ခန့် မိုးရွာသွန်းလေ့ရှိပြီးပျှမ်းမျှမိုးရေချိန်၅၂လက်မအတွင်းရွာသွန်းလေ့ရှိသည်။ မြေမျက်သွင်ပြင် အနေဖြင့်ပင်လယ်ရေမျက်နှာပြင်အထက်ပေ၂၄၅ခန့်အမြင့်၊ အရှေ့ဘက်ရှမ်းရိုးမတောင်ကုန်း တောင်တန်းများ၏ တောင်ခြေပိုင်းမြေပြန့် လွင်ပြင်တွင် တည်ရှိပါသည်။ မြေအမျိုးအစားမှာလည်း သင်ပုန်းကျောက်ဆန်သောမြေသား၊နုန်းမြေစေး၊ထုံးကျောက်မြေဖြစ်ပါသည်။

## ၁.၂ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံ တွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုး ရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်း လင်း

လင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင် များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိ စေရန် မျှော်လင့်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရခြင်း၏ **ရည်ရွယ်ချက်မှာ-**

**(၁) ကျေးရွာသူရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို မိမိတို့ကိုယ်တိုင် ရေးဆွဲ နိုင်စေရန်နှင့် ၄င်းတစ်ရွာလုံးသဘောတူ ပါဝင်ရေးဆွဲထားသော ကျေးရွာစီမံကိန်းကို စာအုပ်ဖြင့် စနစ် တကျ မှတ်တမ်းတင် ထားရှိရန်။**

**(၂) ကျေးရွာလူထုအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား စနစ်တကျ စဉ်ဆက်မပြတ် ဆောက်ရွက်နိုင်ရန် စီမံကိန်းမှတ်တမ်းက လမ်းညွှန်လက်စွဲအဖြစ် အသုံးပြုရန်။**

**(၃) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်းအား အခြေခံပြီး မြို့နယ်အဆင့် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများက ၄င်းတို့၏ နှစ်စဉ်ဘတ်ဂျက်နှင့်စီမံကိန်းရေးဆွဲရာတွင် ကျေးရွာ၏ လို အပ်ချက်များအတိုင်း ထင်ဟပ်စေမည့် ဦးစားပေး အစီအစဉ်များကို ထည့်သွင်းရေးဆွဲရန်။**

## ၁.၃ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ အသုံးဝင်မှု

### ကျေးရွာအတွက်အသုံးဝင်မှု

ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင်ရေးဆွဲထားသောစီမံကိန်းများကို စနစ် တကျမှတ်တမ်းတင်ထားခြင်းဖြင့်အစိုးရဌာနဆိုင်ရာများ၊ အလှူရှင်များ၊ အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့များ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်များ၊ ကုမ္ပဏီများနှင့် အလွယ်တကူ ချိတ်ဆက်နိုင်မည်။

### အစိုးရဌာနများအတွက် အသုံးဝင်မှု

အစိုးရဌာနများအနေဖြင့် ၄င်းတို့၏ ဌာနအသီးသီးအနေဖြင့် နှစ်စဉ် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရာတွင် ကျေးရွာ၏လိုအပ်ချက်များကို ထင်ဟပ်စေမည့် လုပ်ငန်းများကို အခြေခံ၍ ဦးစားပေးစီမံကိန်းများ ရေးဆွဲနိုင်မည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအ ညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်

တိုင်းအဆင့်၊ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်မူဝါဒများ၊စီမံကိန်းအသစ်များရေးဆွဲချမှတ်ရာတွင် မိမိတို့နိုင်ငံအတွင်းရှိကျေးရွာများ၏ လိုအပ်ချက်နှင့်အခြေအနေမှန်များကိုထင်ဟပ်စေမည့်မူဝါဒများကို ချမှတ်ရေးဆွဲရာတွင် များစွာအထောက်အကူ ဖြစ်စေမည်။

**ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီများအတွက်** အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

**အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည်**ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ စိတ်ဝင်စားသောလုပ်ငန်းများအတွက်လိုအပ်သောမှန်ကန်သည့် ကိန်း၊ ဂဏန်းအချက်အလက်များကို အဆင်သင့်ရရှိနိုင်ပြီး အချိန်တိုအတွင်းထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်။

**ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့်**

ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

**နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့်**

ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

**မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး**

ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

**နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များ**

ဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံခန့်ချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက် သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများ အလိုက်ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economicclassification)သည်စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုး ဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း *(Functional classificat ion)*–ဝန်ကြီးဌာနများ၊ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း *(Economic classification)*တွင်သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်၊ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ

နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|
| ၁။ လမ်းသွယ်များကွန်ကရစ်လမ်း ခင်းရန် | √ | | | | |
| **၂။ ရေမြောင်းပြုလုပ်ခြင်းနှင့်ကွန်ကရစ် ရေမြောင်းဖုံးဆောင်ရွက်ရန်** | | √ | | | |
| **၃။ အမှိုက်ပုံးဝယ်ယူရန်** | | √ | | | |
| **၄။ ကျေးရွာစာကြည့်တိုက်ဆောက် လုပ်ခြင်း** | | | √ | | |
| **၅။ လူငယ်ပရဟိတအသင်းထူထောင် ခြင်း** | | | | | √ |
| **၆။ ရေသန့်စက်ဝယ်ယူခြင်း** | | | | √ | |
| **၇။ ကျေးရွာဆေးပေးခန်းဆောင်ရွက်ရန်** | | | | √ | |
| **၈။ ဘော်လီဘောကွင်း၊ဘောလုံးကွင်း ပြုပြင်ခြင်း** | | | | √ | |
| **၉။ စာသင်ကျောင်းအတွင်းကလေးကစား ရန်ဒါန်း၊လျှောများဝယ်ယူခြင်း** | | | | √ | |
| **၁၀။ ကျန်းမာရေးအတွက်လေ့ကျင့်ခန်း သုံးပစ္စည်းများဝယ်ယူခြင်း** | | | | √ | |
| **၁၁။ အမှိုက်ကားဝယ်ယူရန်** | | √ | | | |
| **၁၂။ ရွာလယ်ခန်းမမမွာရုံဆောက်လုပ်ရန်** | | | √ | | |
| **၁၃။ မီးဘေးလုံခြုံရေးအတွက်မီးသတ် ကားဝယ်ယူရန်** | | | | | √ |
| **၁၄။ ခြံစည်းရိုးကာရန်ခြင်း** | | | | | √ |

## ၂-၁ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

## ၂-၂ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## ၂-၃ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန်မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

## ၂-၄ ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များစိုက်ပျိုးရေး၊ မွေးမြူရေး

စသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့ အစည်များ၊ လူထုအဖွဲ့အစည်းများ ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖေါ်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေး မည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကတာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုး ရေးကော်မတီသည်တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၂-၅ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီ အစဉ်များထားရှိမည်။ဥပမာအားဖြင့်တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများ ထံမှအသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံ ခြင်းတို့ကိုဆောင်ရွက်မည်။ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက်လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါ မည်။သို့မှသာရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက် အောင်ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အ ထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။

ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

## ၂။ ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း; ဆိုင်ရာတိုးတက်မှု(physicalprogress)နှင့်ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress ) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့တာဝန်ကျရာကဏ္ဍအလိုက်စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည်မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ(Baseline)ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည်စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်း (indicator)များဖြစ်ပါမည်။(၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌အစီရင်ခံတင်ပြပါမည်။ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

### (က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှု အတိုင်းအတာအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

### (ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊(၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊ ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊ ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍

အောက်ပါအချက်များကို အဓိကထားဖေါ်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

**၃။ နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာကျွန်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေ အနေများကိုအောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအားကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြ နိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-ကျေးရွာ အုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင်သူများထံမှအကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၄ | ၁၄ | ၁.၉% |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၁ | ၄၆ | ၇၇ | ၇.၁% |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၄ | ၃၇ | ၁၀၁ | ၉.၃% |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၀ | ၅၀ | ၈၀ | ၇.၃% |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၆၂ | ၄၁၂ | ၇၇၄ | ၇၁.၁% |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၂၇ | ၄၃ | ၃.၉% |
| **စုစုပေါင်း** | | **၅၁၃** | **၅၇၆** | **၁၀၈၉** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၉၉** | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျွဲရေကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၉၉)မှ လူဦးရေပေါင်း(၁၀၈၉)(ကျား-၅၁၂+မ-၅၇၇)ရှိသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၅)ဦးရှိသဖြင့် မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေတိုးပွားမှု(၅)ယောက်နှုန်း အထက်ရှိသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်သောအရွယ်လူဦးရေမှာ (၇၇၄)ဦး (၇၁.၁%)ရှိပြီး မှီခိုသူဦးရေမှာ(၄၃)ဦး(၃.၉)သာရှိသောကြောင့် ကျေးရွာတွင်အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ အသင့်အတင့်ရှိသည်ကိုတွေ့ရသည်။ ၄င်းအလုပ်လုပ်ကိုင်သောသူများကို အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများ ထောက်ပံ့ပေးခြင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများထူထောင်ပေးမည် ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများရှိပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေမှာ အမျိုးသမီးဦးရေထက် (၅၀)ဦး၊ (၄.၆%)ပိုနည်းသည်ကိုတွေ့ရပါသည်။ (၁)နှစ်အောက် ဦးရေမှာ(၁၄)ဦး(၁.၉%)သာရှိသဖြင့် လူဦးရေမွေးဖွားနှုန်းနည်းသည်ကိုတွေ့ရှိရပါသည်။ (၁)နှစ်နှင့် (၅)နှစ်အောက်လူဦးရေ (၉၁)ယောက်(၈.၃%)ရှိသဖြင့် (၅)နှစ်အောက်ကာကွယ်ဆေးထိုးရမည့် အရေအတွက်ကို အတိအကျသိနိုင်သည်။ မူလတန်းနှင့်အလယ်တန်းကျောင်းနေအရွယ်ကိုလည်း သိရှိရသောကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူနှိုင်းယှဉ်သိရှိနိုင်မည်ဖြစ်ပါသည်။ (၆၅)နှစ်နှင့်အထက် အသက်ကြီးအရွယ်ကြီး(၄၃)ယောက်(၃.၉%)ရှိသဖြင့် ကျန်းမာရေးအခြေအနေအသင့်အတင့်ရှိကြောင်း ခန့်မှန်းသိရှိနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၀ | ၂၅ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၅ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉၇ | ၁၄၆ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၇ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၄ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၆ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၂ | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၄ | ၂၆ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| | **စုစုပေါင်း** | ၁၉၉ | ၂၁၅ | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာကွမ်းသီးညှပ် လုပ်ငန်းဖြစ်ပါသည်။ ကျေးရွာရှိအိမ်ထောင်စုစုပေါင်း(၁၉၉)အနက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သောစုစုပေါင်းအိမ်ထောင်စု(၄၀)၊ ပန်းရံလုပ်ငန်းလုပ်သားများရှိသော အိမ်ထောင်စုပေါင်း(၈၂)၊ လက်သမားအလုပ်လုပ်ကိုင်သူအိမ်ထောင်စုပေါင်း(၃၂)ဖြစ်ပြီး အနည်းစုဖြစ်သောဆေးသုတ်လုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု(၁)စု၊ စက်ရုံတွင်အလုပ်လုပ်ကိုင်သူအိမ်ထောင်စု(၂)စု၊ ကျောင်းဆရာဝန်ထမ်းလုပ်ကိုင်သူအိမ်ထောင်စု(၁)စု၊ ဆိုင်ကယ်ဝပ်လျှောလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူအိမ်ထောင်စု(၂)စု၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု(၁)စု၊ ဖိနပ်ချုပ်လုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု(၁)စု၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု(၁)စု၊ ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု(၁)စု၊ ကားမောင်းလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု(၁)စု၊ ဆိုင်ကယ်ကယ်ရီဆွဲသူအိမ်ထောင်စု(၁)၊ အင်ဂျင်နီယာအလုပ်ဖြင့်အသက်မွေးဝမ်းကျောင်းပြုသူအိမ်ထောင်စု(၁)စု၊ ကူလီထမ်း၍အသက်မွေးဝမ်းကျောင်းပြုသူအိမ်ထောင်စု(၄)စု၊ သံချီလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု(၁)စုနှင့်အလုပ်လက်မဲ့အိမ်ထောင်စု(၁၃)စုရှိကြောင်း တွေ့ရှိရပါသည်။ တစ်ရွာလုံးအနေဖြင့် ခြံငုံသုံးသပ်ရာတွင် အိမ်ထောင်စုတိုင်းမှာတွဲဖက်လုပ်ငန်းများလုပ်ကိုင်လျက်ရှိပြီး လုပ်ငန်းတစ်မျိုးထက်ပို၍ (သို့မဟုတ်) လူတစ်ဦးတည်းကအခြားဝင်ငွေရလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ခြင်း၊ မွေးမြူခြင်း) | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၈၀၀၀ | | ၅၀၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၁၀၀၀၀ | | ၈၀၀၀ | |

**ရင်းမြစ်** ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

**လေ့လာတွေ့ရှိချက်။** ။ **ကျေးရွာတွင်နေ့စားလုပ်ကိုင်ရသောလုပ်ငန်းအမျိုးအစားများမှာ(၇)မျိုးရှိသည်ကိုတွေ့ရှိရပါသည်။ လယ်ယာလုပ်ငန်းတွင် အမျိုးသားများအတွက်အများဆုံးလုပ်အားခမှာ (၇၀၀၀/-)ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ(၅၀၀၀/-)ဖြစ်သည်။ အမျိုးသမီးအများဆုံးလုပ်အားခမှာ (၄၀၀၀/-)ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ(၃၀၀၀/-)ကျပ်ဖြစ်ပါသည်။ ကုန်ထုတ်လုပ်ငန်းတွင် အမျိုးသားအများဆုံးလုပ်အားခမှာ (၃၆၀၀/-)ကျပ်ရှိပြီး အမျိုးသမီးလုပ်အားခမှာလည်း အများဆုံးလုပ်အားခနှင့် အနည်းဆုံးလုပ်အားခမှာ (၃၆၀၀/-)တန်းတူပင်ဖြစ်ပါသည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းမှ အမျိုးသားအများဆုံးလုပ်အားခ (၈၀၀၀/-)ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ (၆၀၀၀/-)ကျပ်ဖြစ်ပါသည်။ အမျိုးသမီးလုပ်အားခမှာ အများဆုံးနှင့်အနည်းဆုံးလုပ်အားခ(၄၀၀၀/-)ကျပ်ဖြစ်ပါသည်။ ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေးမှ အမျိုးသားလုပ်အားခ အများဆုံးနှင့်အနည်းဆုံးလုပ်အားခ (၈၀၀၀/-)ကျပ်ဖြစ်ပြီး အမျိုးသမီးများလုပ်ကိုင်နိုင်ခြင်းမရှိပါ။ လက်လီ/လက္ကားရောင်းဝယ်ရေးမှ အမျိုးသားအများဆုံးလုပ်အားခ (၁၅၀၀၀/-)ဖြစ်ပြီး အနည်းဆုံးမှာ(၁၀၀၀၀/-)ဖြစ်ပါသည်။ အမျိုးသမီးအများဆုံးလုပ်ခမှာ (၁၀၀၀၀/-)ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ (၈၀၀၀/-)ဖြစ်ပါသည်။ ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်)တို့မှ အမျိုးသားအများဆုံးလုပ်ခမှာ(၅၀၀၀/-)ရှိပြီး အနည်းဆုံးလုပ်ခမှာ (၃၀၀၀/-)ဖြစ်ပါသည်။ ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းမှ အမျိုးသားအများဆုံးလုပ်ခမှာ (၁၀၀၀၀/-)ရှိပြီး အနည်းဆုံးလုပ်ခမှာ(၈၀၀၀/-)ရှိပါသည်။ အမျိုးသမီးလုပ်ကိုင်နိုင်သူမရှိပါ။**

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၁၃၅ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၈ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ခနိတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | ၁၄၃ | ☒ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ(၁၃၅)ဧကေ၊ ဥယျာဉ်ခြံဧကေ စုစုပေါင်း(၁၄၃)ဧကဖြစ်ပါသည်။ စိုက်ပျိုးမြေအားလုံး၏ အရည်အသွေးမှာအသင့်အတင့်ရှိပြီး ဆည်မရှိသောကြောင့် စိုက်ပျိုးမြေအားလုံးမှာ နှစ်စဉ်မိုးရေကိုသာ အားကိုးစိုက်ပျိုးကြရသည်။ ထို့ကြောင့် အချိန်မီစိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံအောင်မြင်နိုင်အောင် ရေလုံလောက်မှုမရှိသောကြောင့် လိုအပ်သလိုစိုက်ပျိုးနိုင်ခြင်းမရှိ၍ သီးနှံအထွက်နှုန်းနည်းပါးသည်။ နှစ်ရှည်ဥယျာဉ်စိုက်ပျိုးရန် ရေမြေရာသီဥတု သင့်လျော်သော်လည်း အရင်းအနှီးနှင့် နည်းပညာအတွေ့အကြုံနည်းသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ ကုလားပဲ၊ ဂန္ဓမာပန်းမျိုးစုံနှင့်ဟင်းသီးဟင်းရွက်တို့ကို စိုက်ပျိုးကြ ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ □ သင့် ☑ နည်း □ မရှိ □ | လွယ် □ ခက် ☑အသုံးမပြုနိုင်ပါ □ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ □ သင့်□ နည်း □ မရှိ □ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝအရင်းအမြစ်အနေဖြင့် ထင်း၊ မီးသွေး ရရှိနိုင်မှုနည်းပြီး လက်လှမ်းမီမှုနည်းပါးသည်။ သဘာဝပေါက်ပင်ခက်ခဲသော်လည်း နွားစာအတွက် လုံလောက်မှုရှိပါသည်။ဆေးဘက်ဝင်အပင်များအနေဖြင့် ရှားစောင်းလက်ပပ်ပင်များ၊ ကြိတ်မှန်ပင် များနှင့်ဆင်တုန်းမန္တယ်ပင်များရှိသော်လည်း ၄င်းအပင်များကို ဆေးဝါးထုတ်လုပ်ရောင်းချနိုင်ရန် ဗဟုသုတနှင့်နည်းပညာအားနည်းကြောင်း တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း အိမ်ထောင်စု | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်းသုံးဧရိယာပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေ သည် အရေးပါသည်ကို တွေ့ရပါသည်။ ကျေးရွာ၏ ဥစ္စာဓနအဆင့်ကို(၄)ဆင့်သတ်မှတ်ထားပါသည်။

ချမ်းသာချောင်လည်သောအိမ်ထောင်စု(၃၃)စု(၁၆%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၃၉)စု (၂၀%)၊ ဆင်းရဲသောအဆင့်(၅၈)အိမ်ထောင်စု(၂၉%)၊ အလွန်ဆင်းရဲသော အိမ်ထောင်စု(၆၉)စု (၃၅%)အသီးသီးရှိကြပါသည်။ ဆင်းရဲသောအိမ်ထောင်စု(၂၉%)မှာ နေ့စားအငှား၊ ကျပမ်း၊ ကူလီ ထမ်းခြင်းများလုပ်ကိုင်ကြရသော်လည်း အလုပ်ပုံမှန်မရကြသည့်အပြင် နေ့စားခမှာလည်းနည်းပါး

သောကြောင့် ဆင်းရဲကြပ်တည်းကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၃ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = ___√_____<br>ချေးယူ = ____√_____<br>လုပ်အားခကြိုယူ = _____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၅ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____√_____<br>လုပ်အားခကြိုယူ = _____ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၃၀ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ____√_____<br>လုပ်အားခကြိုယူ = _____√_____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

